## ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မင်းနှင့် တွေ့ဆုံဆွေးနွေးမှု အကျဉ်းချုပ်

**ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာ စနစ်တကျ ဆန်းစစ်လေ့လာမှု နှင့်**
**မြန်မာနိုင်ငံ ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မူဘောင်**
**မေလ ၂၂ ရက်, ၂၀၁၄ (ကြာသပတေးနေ့) ဖားအံ, ကရင်ပြည်နယ်**

- ပြည်သူများ၏ လိုအပ်ချက်နှင့် တစ်ထပ်တည်း ကျချင်မှ ကျမည် ဖြစ်သော်လည်း အစိုးရတွင် ၎င်းတို့၏ **ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ဦးစားပေး အစီအစဉ်များ** ရှိနေသည်။ ပြည်သူများတွင် ၎င်းတို့ခံစားချက် နှင့် အမြင်များ အပေါ် အခြေခံကာ သီးခြားဦးစားပေးအရာများ ရှိကောင်းရှိနိုင်သည်။
- ပြည်သူများ၏ လိုအပ်ချက်ကို နားထောင်ပေးရန် အရေးကြီးသည်။ တစ်ဦးနှင့် တစ်ဦးထံမှ သင်ယူရန် အတွက် အစိုးရအရာရှိများ၊ လွှတ်တော်အမတ်များ နှင့် CSO များ၏ အစည်းအဝေးများကို ထည့်သွင်း ပြုလုပ် ရန် အရေးကြီးသည်။
- **ကရင်ပြည်နယ်တွင် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဦးစားပေးအရာများ**
  - အသေးစားနှင့် အလတ်စား လုပ်ငန်းများအတွက် ဘဏ္ဍာငွေ ရရှိရေး
  - တောင်သူများအတွက် နည်းပညာ ကျွမ်းကျင်မှု၊ ဓေတ်မီ ပစ္စည်းကိရိယာများ၊ နှင့် စွမ်းဆောင်ရည် တည်ဆောက်ပေးမှု
  - ထုတ်လုပ်မှု တိုးမြှင့်ရန်
  - စပါး/စိုက်ပျိုးရေး ထွက်ကုန်များ ထုတ်လုပ်မှုအပေါ် ထောက်ပံ့ပေးသည့် စနစ်တစ်ခုလုံး တိုးတက်အောင်ပြုလုပ်ရန်
  - **ပညာရေး** – စာသင်ကျောင်းများ၊ သင်ထောက်ကူ ပစ္စည်းများကဲ့သို့ ခိုင်မာသည့် အခြေခံ အဆောက်အအုံများသာ မဟုတ်ဘဲ ဆရာများအရည်အသွေး တိုးတက်ရေးကဲ့သို့သော သိမ်မွေ့သည့် အခြေခံအဆောက်အအုံများ တိုးတက်အောင်လုပ်ဆောင်ရန်
- ဆင်းရဲနွမ်းပါးမှုကို လျှော့ချရန်/ဖယ်ရှားရန်အတွက် ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများအား မြှင့်တင်ပေးရန် အရေးကြီးသည်။
- အစိုးရက နိုင်ငံတစ်ဝန်းတွင် ပြည်သူများ၏ လိုအပ်ချက်များအား ဘက်စုံထောင့်စုံမှ ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသည့်အတွက် **ကျန်းမာရေးကဏ္ဍတွင် ပုဂ္ဂလိက ကဏ္ဍအား** ဖိတ်ခေါ်ရန်လည်း အရေးကြီးသည်။ ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ပြီး အလုပ်အကိုင်များ ဖန်တီးပေးရန်အတွက် **ပြည်သူနှင့်ပုဂ္ဂလိက ဖက်စပ်ပုံစံမျိုး** လုပ်ဆောင်ရမည်ဖြစ်သည်။
- ဖွံ့ဖြိုးတိုးတက်မှုနှင့် စီးပွားရေး တိုးတက်မှုတွင် **ငြိမ်းချမ်းရေး**သည်လည်း အရေးပါသည်။ ဥပမာအားဖြင့် ယခင် အစိုးရသည် ပြည်သူများအား ပုဂ္ဂလိကပိုင် သစ်တောစိုက်ခင်းများ စိုက်ပျိုးရန် အားပေးခဲ့သည်။ ငြိမ်းချမ်းရေး မရသည့်အတွက် ပဋိပက္ခဖြစ်ရာ ဇုန်အတွင်းရောက်နေသော ထိုစိုက်ခင်းဧရိယာများသို့ ပြည်သူများ သွား ရောက်နိုင်ခြင်းမရှိချေ။
- ငြိမ်းချမ်းရေး မရှိလျှင် ဖွံ့ဖြိုးတိုးတက်မှု မရှိချေ။ ဥပမာအားဖြင့်ပြရလျှင် ကရင်ပြည်နယ်ထဲ၌ CDD အတွက် မြို့နယ်ရွေးချယ်ရာတွင် အပစ်အခတ်ရပ်စဲထားသည့် ဧရိယာကို ရွေးချယ်ထားပြီး အခြားတစ်ဖက်က ပူးပေါင်း ဆောင်ရွက်မှု မရှိသည့်အတွက် ထိုအစီအစဉ်ကို ရွှေ့ဆိုင်းခဲ့ရသည်။ ငြိမ်းချမ်းရေးရရှိရန် အရေးကြီးသည့် အခြား ဥပမာ တစ်ခုမှာ ပဋိပက္ခဖြစ်ပွားနေသည့် ဇုန်အတွင်း၌ အခြေခံအဆောက်အအုံ (တံတားများ၊ လမ်းများ၊ စာသင်ကျောင်းများ အစရှိသဖြင့်) များ မိမိတို့ တည်ဆောက်နိုင်ခြင်းမရှိချေ။ ထိုဧရိယာများတွင် အလုပ်လုပ်ကိုင်ရန် ဝန်ထမ်းများကို မိမိတို့စေလွှတ်နိုင်ခြင်း မရှိချေ။
- ကရင်ပြည်နယ်အတွက် အခြားအရေးကြီးသည့် ကိစ္စမှာ **ရွှေ့ပြောင်းလုပ်ကိုင်မှု** ဖြစ်သည်။ အများအားဖြင့် လူငယ်များနှင့် ဧရာဝတီတိုင်းမှ လူများ (၂၀၀၈ခုနှစ် နာဂစ်မုန်တိုင်းဒဏ် ခံခဲ့ရသူများ) သည် အလုပ်လုပ် ကိုင်ရန် ထိုင်းနိုင်ငံသို့

ရွှေ့ပြောင်းကြသည်။ လူငယ်များအား ၎င်းတို့၏ ကျေးရွာတွင်းမှာပင် အလုပ်ခန့်ထား ရန်အတွက် **ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု** ကဲ့သို့သော ပဏာမလုပ်ဆောင်မှုများ လုပ်ဆောင်ပေးသင့် သည် သို့မဟုတ် **ခရီးသွားကဏ္ဍ**ကို မြှင့်တင်ပေးသင့်သည်။